# ခရီးသွားအာမခံ

ပြည်တွင်း/ပြည်ပခရီးသွားသောသူများ ခရီးစဉ်အတွင်း မတော်တဆဖြစ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း၊ အသက်ဆုံးရှုံးခြင်းများ ဖြစ်ပွါးသည့်အခါ ငွေကြေးအထောက်အပံ့ပြန်လည်ရရှိနိုင်သည့် အာမခံအမျိုးအစားဖြစ်ပါသည်။

**အာမခံထားခွင့်ရှိသူ** - ပြည်တွင်း၊ ပြည်ပခရီးစဉ်ကို လေယာဉ်၊ သင်္ဘော၊ ကိုယ်ပိုင်ယာဉ် (သို့) စီးလုံးငှားယာဉ်နှင့် အများပြည်သူသုံး ယာဉ်လိုင်းများအသုံးပြု၍ ခရီးသွားသူများ
(အသက်ကန့်သတ်ချက်မရှိ)

**အာမခံတန်ဖိုး** - ပြည်တွင်း၊ ပြည်ပခရီးစဉ်များအတွက် -
တစ်ယူနစ်လျှင် ကျပ် (၅) သိန်းမှ အများဆုံး (၂၀)ယူနစ် ကျပ် သိန်း (၁၀၀) အထိ
- ခရီးမိုင် ၁၀၀ အောက် သယ်ယူပို့ဆောင်သည့် ယာဉ်လိုင်းများအတွက် -
အာမခံထားငွေ ပုံသေကျပ် သိန်း(၂၀ )

**အာမခံသက်တမ်း** - ပြည်တွင်းခရီးစဉ်များအတွက် - နေ့ချင်းပြန်(၁)ရက်ခရီးမှ အများဆုံး(၃)လခရီးအထိ
- ပြည်ပခရီးစဉ်များအတွက် - ၁ပတ်ခရီးမှအများဆုံး (၃)လခရီးအထိ
- ခရီးမိုင်၁၀၀အောက်သယ်ယူပို့ဆောင်သည့်ယာဉ်လိုင်းများအတွက်ခရီးတစ်ခေါက်
(ခရီးစဉ်အစ-အဆုံး)

**ပရီမီယံနှုန်း**

| **ခရီးစဉ်** | **သက်တမ်း** | **ပရီမီယံနှုန်း** |
|---|---|---|
| ပြည်တွင်း | ၁ ရက် ခရီး | ၁ယူနစ် - ၁၀၀ ကျပ် |
| | ၃ ရက် ခရီး | ၁ ယူနစ် - ၁၅၀ ကျပ် |
| | ၁ ပတ် ခရီး | ၁ ယူနစ် - ၂၀၀ ကျပ် |
| | ၂ ပတ်ခရီး | ၁ ယူနစ် - ၂၅၀ ကျပ် |
| | ၁ လ ခရီး | ၁ ယူနစ် - ၃၀၀ ကျပ် |
| | ၁ လ နှင့်၁၅ ရက် ခရီး | ၁ ယူနစ် - ၃၅၀ ကျပ် |
| | ၂ လ ခရီး | ၁ ယူနစ် - ၄၀၀ ကျပ် |
| | ၂ လ ခွဲခရီး | ၁ ယူနစ် - ၄၅၀ ကျပ် |
| | ၃ လ ခရီး | ၁ ယူနစ် - ၅၀၀ ကျပ် |
| ပြည်ပ | ၁ ပတ် ခရီး | ၁ ယူနစ် - ၂၀၀ ကျပ် |
| | ၂ ပတ် ခရီး | ၁ ယူနစ် - ၂၅၀ ကျပ် |
| | ၁ လ ခရီး | ၁ ယူနစ် - ၃၀၀ ကျပ် |
| | ၁ လ နှင့်၁၅ ရက် ခရီး | ၁ ယူနစ် - ၃၅၀ ကျပ် |
| | ၂ လ ခရီး | ၁ ယူနစ် - ၄၀၀ ကျပ် |
| | ၂ လ ခွဲခရီး | ၁ ယူနစ် - ၄၅၀ ကျပ် |
| | ၃ လ ခရီး | ၁ ယူနစ် - ၅၀၀ ကျပ် |
| ခရီးမိုင် ၁၀၀ အောက် | ခရီးစဉ်အစမှအဆုံးအထိ | ပုံသေ ၁၀၀/- ကျပ် |


ရုံးချုပ်
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

FNI

## ခရီးသွားအာမခံထားရှိခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ

- ခရီးစဉ်အစမှအဆုံးအထိ အာမခံဝယ်ယူပြီးစီးနင်းလိုက်ပါသည့်သူများ ထိခိုက်ဒဏ်ရာရခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း နှင့် မတော်တဆဖြစ်ရပ်များကြောင့် သေဆုံးခြင်းများအတွက် လျော်ကြေးခံစားခွင့်ရနိုင်ပါသည်။
- အသက်ဆုံးရှုံးခြင်းအတွက် အာမခံထားငွေကိုအကျိုးခံစားခွင့် လွှဲပြောင်းခံရသူသို့ ထုတ်ပေးပါမည်။
- ဆရာဝန်ထောက်ခံချက်အရ ၁၀၀%ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့ပါက အာမခံထားငွေကို အပြည့်အဝတစ်လုံးတည်း ပေးလျော်ပါမည်။
- ထိခိုက်ဒဏ်ရာရရှိခြင်းများအတွက် ဆရာဝန်ထောက်ခံချက်ဖြင့် သက်မှတ်ရာခိုင်နှုန်းအတိုင်းအကျိုးခံစားခွင့်ရရှိနိုင်ပါသည်။

## ဆေးရုံတက်/ဆေးကုသရခြင်းအတွက်

- ပြည်တွင်း၊ပြည်ပခရီးစဉ်များတွင် မတော်တဆထိခိုက်မှုကြောင့် ဆေးရုံတက်ကုသခံယူရသည့်ကာလအတွက် ရက်သတ္တပတ်လျှင် အာမခံထားငွေ ကျပ် ၅၀၀,၀၀၀/- (တစ်ယူနစ်) လျှင်ကျပ် ၄,၀၀၀နှုန်းဖြင့် စုစုပေါင်း (၅၂) ပတ်အထိ။
- မိုင် (၁၀၀) အောက်ခရီးစဉ်များတွင်မတော်တဆထိခိုက်မှုကြောင့် ဆေးရုံတက်ကုသခံယူရသည့်ကာလအတွက် ရက်သတ္တပတ်လျှင် ပုံသေကျပ် ၃,၂၀၀ နှုန်းဖြင့် စုစုပေါင်း (၅၂) ပတ်အထိ။
- အကျိုးခံစားခွင့်စုစုပေါင်းသည် အာမခံထားငွေထက် ကျော်လွန်ခြင်းမရှိစေရပါ။
- သေဆုံးမှုအတွက်လျော်ကြေးကို ဖြစ်ပွားသည့်နေ့မှ (၁) နှစ်အတွင်း၊ ဒဏ်ရာရမှုအတွက် လျော်ကြေးကို (၂) နှစ်အတွင်း တောင်းခံရန် လိုအပ်ပါသည်။

## ခရီးသွားအာမခံလျော်ကြေးပေးရန် အကျုံးမဝင်သည့်အချက်များမှာ

(က) ရှိရင်းစွဲကိုယ်အင်္ဂါချို့တဲ့မှုနှင့် ရှိရင်းစွဲရောဂါဘယများကြောင့် ဖြစ်ပွားခြင်း

(ခ) မိမိကိုယ်မိမိသေကြောင်းကြံစည်ခြင်း

(ဂ) တမင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကိုထိခိုက်ဒဏ်ရာရရှိစေခြင်း

(ဃ) ယာဉ်ထိခိုက်မှုနှင့် ဆက်စပ်မှုမရှိသောမီးဖွားခြင်း၊ ကိုယ်ဝန်ပျက်ခြင်းစသည်များ

(င) ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်း

(စ) မူးယစ်ဆေးဝါးသုံးစွဲခြင်း

(ဆ) စစ်၊ သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း၊ ပြည်တွင်းစစ်၊ အကြမ်းဖက်ဖျက်ဆီးခြင်းနှင့် ပြည်တွင်းမငြိမ်မသက်ဖြစ်ခြင်း

(ဇ) (င)၊ (စ) နှင့် (ဆ) ပါ အကြောင်းအရာများနှင့် ယင်းတို့၏ အကျိုးဆက်များကြောင့်ဖြစ်ပေါ်သည့် သေဆုံးခြင်း၊ ထာဝစဉ်မစွမ်းမသန်ဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းစသည်များ။

## အာမခံထားရှိလိုပါက

FNI (General) ရုံးချုပ်နှင့် ရုံးခွဲများသို့ ဆက်သွယ်၍ အာမခံထား ရှိနိုင်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများမှာ ခရီးသွားအာမခံ အချက်အလက်များကို
အကျဉ်းချုပ်ဖော်ပြထားခြင်းသာ ဖြစ်ပြီး ပေါ်လစီ၏ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များကို www.fnigeneral.com တွင်
အာမခံအမျိုးအစားအလိုက် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

ရုံးချုပ်
အမှတ်(၄၀၀/၄၀၆)၊ ကုန်သည်လမ်း၊
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
E-mail:customerservices@fnigeneral.com
CALL CENTER 01-9010900

လျော်ကြေးကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်ပါက
**Claim Hot Line : 09-940777888** သို့
ချက်ချင်း အကြောင်းကြားရပါမည်။